# ESG အစီရင်ခံ တင်ပြခြင်း

P. ၄၀ - ၄၇




မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအား ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် အစဉ်အမြဲ သတင်းထုတ်ပြန်လျက် ရှိပါသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့ အကျိုးသက်ဆိုင်သူများ၏ ယုံကြည်မှုကို ရရှိရန် အထူးအရေးပါသည်ဟုလည်းယုံကြည်ပါသည်။ မြန်မာ့ဩဘာလုပ်ငန်းစုအနေဖြင့် ထိုကဲ့သို့ထုတ်ပြန်မှုများအတွက် နိုင်ငံတကာ စံနှုန်းများကိုအသုံးပြုပြီး အရေးကြီးသည့်အခန်းကဏ္ဍများကို သတ်မှတ်ခြင်းနှင့် ရလဒ်များ ထုတ်ပြန်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

# ESG အစီရင်ခံတင်ပြခြင်း

## စံနှုန်းများ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်ထုတ်ပြန်ချက်ကို ပုံဖော်ဖွဲ့စည်းရန် အတွက် အဓိကစံနှုန်းလေးခုကို ထည့်သွင်းစဉ်းစားပါသည်။

SUSTAINABLE DEVELOPMENT GOALS    GRI STANDARDS    SASB    IR

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ ပန်းတိုင်များ

လက်ရှိတွင် အောက်ဖော်ပြပါ SDG များသည် မြန်မာ့သြဘာလုပ်ငန်းစုနှင့် အသက်ဆိုင်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

| SDG | အကြောင်းပြချက် | အဓိကအချက်အလက်များ (၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်) |
|---|---|---|
| 2 ZERO HUNGER | စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ ကျောရိုးဖြစ်သည်။ ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးရေးကို ထောက်ပံ့ပေးခြင်းသည် စိုက်ခင်းများ၏ အထွက်နှုန်းကိုမြှင့်တင်ရန်နှင့် နိုင်ငံတစ်ဝန်းရှိထောင်ချီသော လယ်သမားလူမှုအသိုင်းအဝိုင်းများ၏အသက်မွေးဝမ်းကျောင်းမှုကို မြှင့်တင်ရန်အတွက် အရေးကြီးပါသည်။ | • ဖြန့်ဖြူးသူပေါင်း ၄,၆၀၀ ကျော်နှင့် ပူးပေါင်းပြီး နိုင်ငံတစ်ဝှမ်းရှိ သိန်းပေါင်း များစွာသော တောင်သူဦးကြီးများကို ဝန်ဆောင်မှုပေးခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ ကျွမ်းကျင်ပညာရှင်များသည် ကျွမ်းကျင်မှုများကို မျှဝေရန် သင်တန်းပေါင်း ၃,၉၀၀ ကျော်ကို စီစဉ်ခဲ့ပြီး တောင်သူဦးကြီးပေါင်း ၁၂၂,၅၀၀ ကျော်နှင့် တွေ့ဆုံဆက်သွယ်ခဲ့သည်။ |
| 5 GENDER EQUALITY | တာဝန်ယူမှု တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းစု တစ်ခု အနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဝန်ထမ်းများအတွက် တရားမျှတသော အားလုံးပါဝင်ပြီး လေးစားမှုရှိသည့် လုပ်ငန်းခွင်အခြေအနေကို ဖော်ဆောင်ပေးနိုင်ရန် ရည်မှန်းပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ ထဲမှ တစ်ခုဖြစ်သော မဟာ သည် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျားမတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း တွင်ပါဝင်သည်။ | • မြန်မာ့သြဘာလုပ်ငန်းစု ဝန်ထမ်းများ၏ ၂၃ ရာခိုင်နှုန်း သည် အမျိုးသမီးများဖြစ်သည်။<br>• စီမံခန့်ခွဲမှုရာထူးကို တာဝန်ယူထားသူများအနက် ၂၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသည်။<br>• ရာထူးတိုးသူများ၏ ၂၅ ရာခိုင်နှုန်း သည် အမျိုးသမီးများဖြစ်သည်။ |
| 8 DECENT WORK AND ECONOMIC GROWTH | ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်နေပြီး ကျွန်ုပ်တို့၏ ဝန်ထမ်းများအတွက် တိုက်ရိုက်သာမက ကျွန်ုပ်တို့၏ ကုန်ပစ္စည်း ပေးသွင်းသူများနှင့် လုပ်ဆောင်နေသူများအတွက် သွယ်ဝိုက်၍ပါ အလုပ်အကိုင်များ ဖန်တီးပေးပါသည်။ | • ၂၀၂၄ ခုနှစ် မတ်လကုန်တွင် မြန်မာ့သြဘာလုပ်ငန်းစုတွင် ဝန်ထမ်း ၂,၇၂၅ ဦး ရှိသည်။<br>• မြန်မာ့သြဘာလုပ်ငန်းစုသည် ဝန်ထမ်းသစ် ၅၆၅ ဦးကို ခန့်အပ်ခဲ့ပြီး ၁၂၇ ဦးကို ရာထူးတိုးခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစုသည် ကုန်စည်တင်သွင်းသူ ၁,၄၉၉ နှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနက် ၉၇ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ လုပ်ငန်းများ ဖြစ်သည်။ |
| 6 CLEAN WATER AND SANITATION | လုပ်ငန်းလည်ပတ်ရန်အတွက် ကျွန်ုပ်တို့၏ ကုန်ထုတ်လုပ်သော စက်ရုံများသည် ရေကိုထုတ်ယူရန်နှင့် စွန့်ထုတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများမှ ညစ်ညမ်းမှု၊ ရေပြတ်လပ်မှုစသည့် ဒေသဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရန် ဂရုတစိုက် စောင့်ကြည့်လျက်ရှိပါသည်။ | • မြန်မာ့သြဘာလုပ်ငန်းစုသည် ရေကုဗမီတာ ၆၁,၂၂၈ သုံးစွဲပြီး ကုဗမီတာ ၁,၇၄၂ ကို စွန့်ထုတ်ခဲ့သည်။ |
| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ကျွန်ုပ်တို့၏ထုတ်ကုန်များထုတ်လုပ်ရန် ဓာတုပစ္စည်းအမျိုးမျိုးနှင့် ကုန်ကြမ်းများကို အသုံးပြုပါသည်။ မြန်မာ့သြဘာမှ အန္တရာယ်ရှိသော ပစ္စည်းများ သိမ်းဆည်းခြင်းနှင့် သယ်ယူခြင်းအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက် များ အားလုံးကို သေချာစွာလိုက်နာဆောင်ရွက်ပါသည်။ | • မြန်မာ့သြဘာလုပ်ငန်းစုသည် ကုန်ကြမ်း မက်ထရစ်တန် ၁၈၃,၀၀၀ ကျော် ကို အသုံးပြုခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ လုပ်ဆောင်မှုများမှ အမှိုက် ၅၇၆ မက်ထရစ်တန် ကို ထွက်ရှိစေခဲ့ပြီး ၄၃၈ တန် ကို ပြန်လည်အသုံးပြုခဲ့သည်။ |
| 13 CLIMATE ACTION | မြန်မာနိုင်ငံသည် ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို ပြင်းထန်စွာခံစားရမည့် နိုင်ငံများအနက်တစ်နိုင်ငံ အပါအဝင်ဖြစ်ပြီး ဤသက်ရောက်မှုဒဏ်ကို လယ်သမားများသည် အများဆုံး ခံစားရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ စွမ်းအင်သုံးစွဲမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချရန် လုပ်ဆောင် နေပါသည်။ | • မြန်မာ့သြဘာလုပ်ငန်းစုသည် ၆,၇၄၇ တန် နှင့် ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2e$) ကို ထုတ်လွှတ်ခဲ့သည်။<br>• မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်လွှတ်မှု၈၄ ရာခိုင်နှုန်းသည် Scope 1 နှင့်သက်ဆိုင်ပါသည်။ |
| 15 LIFE ON LAND | ပျားများနှင့် အခြားဝတ်မှုန်ကူးသော အရာများသည် ရေရှည် တည်တံ့သော စိုက်ပျိုးရေးအတွက် အရေးကြီးပါသည်။ ၎င်းတို့သည် သီးနှံများ ကြီးထွားရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ပံ့ပိုးပေးသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်များကို တာဝန်သိစွာ အသုံးပြုခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ် ပါသည်။ | • မြန်မာ့သြဘာလုပ်ငန်းစု၏ ထုတ်ကုန်များကို တာဝန်သိစွာအသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပညာပေးရန်အတွက် ၁.၇ သန်းကျော်သော ဆက်သွယ်ရေး လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်၊ အဓိကအားဖြင့် အဖြစ်များဆုံး Printed media မှတဆင့် အသိပညာပေးခဲ့သည်။ |

## GRI စံနှုန်းများ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းကို Global Reporting Initiative (GRI) Standards နှင့်အညီ ဆောင်ရွက်ပြီး ၂၀၂၄ ခုနှစ်မတိုင်မီအထိ GRI ၏ စိုက်ပျိုးရေးကဏ္ဍစံနှုန်းများကို လိုက်နာမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ GRI အကြောင်းအရာများသည် မြန်မာ့သြဘာ ၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက် ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်ပါသည်။

| GRI ခေါင်းစဉ်များ | GRI အဓိကခေါင်းစဉ်များ |
|---|---|
| စီးပွားရေးဆိုင်ရာ ခေါင်းစဉ်များ | ၂၀၁ – စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်<br>၂၀၃ – တိုက်ရိုက်မဟုတ်သည့် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများ<br>၂၀၄ – ကုန်စည်ဝယ်ယူခြင်း အလေ့အထများ<br>၂၀၅ – အဂတိလိုက်စားမှု တိုက်ဖျက်ရေး |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခေါင်းစဉ်များ | ၃၀၁ – ကုန်ကြမ်းများ<br>၃၀၂ – စွမ်းအင်<br>၃၀၃ – ရေနှင့် ရေဆိုးထွက်ခြင်း<br>၃၀၆ – စွန့်ပစ်ပစ္စည်း |
| လူမှုရေးဆိုင်ရာ ခေါင်းစဉ်များ | ၄၀၁ – အလုပ်ခန့်အပ်ခြင်း<br>၄၀၃ – လုပ်ငန်းခွင် ကျန်းမာရေးနှင့် လုံခြုံရေး<br>၄၀၄ – လုပ်ငန်းခွင် သင်တန်းပေးရေးနှင့် ပညာရေး<br>၄၀၅ - မတူညီခြင်းကို အသိအမှတ်ပြုခြင်းနှင့် တန်းတူအခွင့်အရေးပေးခြင်း<br>၄၀၅ – မတူညီခြင်းကို အသိအမှတ်ပြုခြင်းနှင့် တန်းတူအခွင့်အရေးပေးခြင်း<br>၄၀၆ – ခွဲခြားဆက်ဆံမှု မရှိခြင်း |

ကျွန်ုပ်တို့၏ GRI အညွှန်းကို မြန်မာ့သြဘာလုပ်ငန်းစု၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။ ကျွန်ုပ်တို့၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Maha သည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံစာများကို ၎င်းတို့၏ ကိုယ်ပိုင် ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။






## ကျွန်ုပ်တို့၏ အချက်အလက်များ

### စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|---|
| တာဝန်ရှိသော ထုတ်ကုန်များ | | | | | | |
| ထုတ်ကုန်အရေအတွက် | အရေအတွက် | ၅၃၁ | ၄၄၆ | ၄၀၈ | ၈ | ၁၀၂-၆ |
| တစ်နှစ်တာအတွင်း အသစ်ထုတ်လုပ်ခဲ့သော ထုတ်ကုန်အရေအတွက် | အရေအတွက် | ၈၀ | ၄၆ | ၄၃ | ၈ | ၁၀၂-၆ |
| ကိုယ်စားလှယ်ဦးရေ | အရေအတွက် | ၄,၆၀၉ | ၃,၃၆၇ | ၃,၉၉၀ | ၈ | ၁၀၂-၆ |
| တောင်သူလယ်သမားများအတွက် သင်တန်းပေးမှု အရေအတွက် | အရေအတွက် | ၃,၉၃၁ | ၁,၅၇၃ | ၉၅၈ | ၈ | ၄၀၄-၁ |
| သင်တန်းပေးကြားခဲ့သည့် တောင်သူဦးရေ | အရေအတွက် | ၁၂၂,၅၆၀ | ၇၄,၈၅၅ | ၉၃, ၃၂၀ | ၈ | ၄၀၄-၁ |
| ကာဗွန် | | | | | | |
| ကာဗွန်ထုတ်လွှတ်မှု (Scope 1) | kg $CO_2$ eq. | ၅,၆၃၅,၇၉၀ | ၂,၂၇၇,၈၁၅ | ၇၄၂,၅၄၆ | ၁၃ | ၃၀၅-၁ |
| ကာဗွန်ထုတ်လွှတ်မှု (Scope 2) | kg $CO_2$ eq. | ၁,၁၁၁,၆၇၂ | ၁,၀၀၅,၃၁၀ | ၆၀၆, ၈၉၀ | ၁၃ | ၃၀၅-၂ |

### လုပ်ငန်းခွင်

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|---|
| အလုပ်လုပ်ကိုင်သူ ဦးရေ | | | | | | |
| အစီရင်ခံစာ တင်ပြသည့်နှစ်ကုန် တွင် အလုပ်လုပ်ကိုင်နေသူ စုစုပေါင်း ဦးရေ | အရေအတွက် | ၂,၇၂၅ | ၂,၆၁၇ | ၂,၅၉၄ | ၈ | ၁၀၂-၇ |
| အမျိုးသမီးဝန်ထမ်း ဦးရေ | အရေအတွက် | ၆၂၀ | ၆၂၅ | ၆၇၇ | ၅ ၊ ၈ | ၄၀၅-၁ |
| အရာရှိမဟုတ်သည့် ဝန်ထမ်း ဦးရေ | အရေအတွက် | ၁,၅၄၀ | ၁,၄၈၅ | ၁,၄၃၃ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၃၁၅ | ၃၄၅ | ၃၃၄ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသားဦးရေ | အရေအတွက် | ၁,၂၂၅ | ၁,၁၄၀ | ၁,၀၉၉ | ၅ ၊ ၈ | ၁၀၂-၈ |
| အရာရှိ ဝန်ထမ်းဦးရေ | အရေအတွက် | ၈၀၉ | ၇၄၈ | ၈၀၄ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၂၁၇ | ၁၈၅ | ၂၆၁ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသားဦးရေ | အရေအတွက် | ၅၉၂ | ၅၆၃ | ၅၄၃ | ၅ ၊ ၈ | ၁၀၂-၈ |

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|---|
| မန်နေဂျာ ဝန်ထမ်းဦးရေ | အရေအတွက် | ၂၈၀ | ၂၈၆ | ၂၇၈ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၆၆ | ၇၄ | ၆၄ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသားဦးရေ | အရေအတွက် | ၂၁၄ | ၂၁၂ | ၂၁၄ | ၅ ၊ ၈ | ၁၀၂-၈ |
| အကြီးတန်းစီမံခန့်ခွဲမှု ဝန်ထမ်းဦးရေ | အရေအတွက် | ၇၂ | ၇၁ | ၅၈ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၂၁ | ၁၉ | ၁၇ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသားဦးရေ | အရေအတွက် | ၅၁ | ၅၂ | ၄၁ | ၅ ၊ ၈ | ၁၀၂-၈ |
| ထိပ်တန်းစီမံခန့်ခွဲမှု ဝန်ထမ်းဦးရေ | အရေအတွက် | ၂၄ | ၂၇ | ၂၁ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၁ | ၂ | ၁ | ၅ ၊ ၈ | ၁၀၂-၈ |
| • အမျိုးသားဦးရေ | အရေအတွက် | ၂၃ | ၂၅ | ၂၀ | ၅ ၊ ၈ | ၁၀၂-၈ |
| အလုပ်ထွက်နှုန်း | % | ၁၆% | ၁၈% | ၇% | ၅ ၊ ၈ | ၄၀၁-၁ |
| **ကျန်မာရေးနှင့် ဘေးကင်းလုံခြုံရေး (အလုပ်ရုံများ)** | | | | | | |
| မတော်တဆထိခိုက်မှု အရေအတွက် | အရေအတွက် | ၂၈ | ၄၀ | ၂၀ | ၈ | ၄၀၃-၉ |
| ထိခိုက်မှုနှုန်း* | မတော်တဆ ထိခိုက်မှု/ အလုပ်ချိန် ၂၀၀,၀၀၀ | ၁.၀ | ၁.၄ | ၁.၅ | ၈ | ၄၀၃-၉ |
| *Scope: MAI & Piti Pyae Zone | | | | | | |
| သင်တန်းပို့ချခဲ့သည့် အရေအတွက် | နာရီပေါင်း | ၉၆၂ | ၆၅၆ | ၆၄၃ | ၄ ၊ ၈ | ၄၀၁-၁ |
| သင်တန်းပေးခဲ့သည့် ဝန်ထမ်းရာခိုင်နှုန်း | % | ၁၆၈% | ၂၅၅% | ၂၇၈% | ၄ ၊ ၈ | ၄၀၁-၃ |
| ဝန်ထမ်းတစ်ဦးချင်းစီ အတွက် ပံ့ပိုးခဲ့သော ပျမ်းမျှ သင်တန်းအချိန် | နာရီပေါင်း | ၀.၃၅ | ၀.၂၅ | ၀.၂၄ | ၄ ၊ ၈ | ၄၀၁-၁ |
| **အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်မှု** | | | | | | |
| စုစုပေါင်း ခန့်ထားသည့် ဝန်ထမ်းဦးရေ | အရေအတွက် | ၅၆၅ | ၄၄၁ | ၁၁၄ | ၅ ၊ ၈ | ၄၀၁-၁ |
| • အမျိုးသမီးဦးရေ | အရေအတွက် | ၁၄၁ | ၁၀၄ | ၂၉ | ၅ ၊ ၈ | ၄၀၁-၁ |
| • အမျိုးသားဦးရေ | အရေအတွက် | ၄၂၄ | ၃၃၇ | ၈၅ | ၅ ၊ ၈ | ၄၀၁-၁ |
| ရာထူးတိုးမြှင့်ခံရသည့် ဝန်ထမ်းဦးရေ | အရေအတွက် | ၁၂၇ | ၉၁ | ၂၂ | ၅ ၊ ၈ | ၄၀၄-၃ |

## စီးပွားရေးသမာဓိ

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|---|
| **လိုက်နာဆောင်ရွက်မှု** | | | | | | |
| ကျင့်ဝတ်ဖောက်ဖျက်မှု အရေအတွက် | အရေအတွက် | ၉ | ၁၇ | ၂ | ၁၆ | ၂၀၅-၃ |
| **ပွင့်လင်းမြင်သာမှု** | | | | | | |
| ပွင့်သစ်စ အဆင့်သတ်မှတ်ချက် | အရေအတွက် | ၅ | ၉ | ၂၉ | ၁၆ | |
| **စွမ်းအင်ဆိုင်ရာ** | | | | | | |
| စွမ်းအင်သုံးစွဲမှု စုစုပေါင်း | ကီလိုဝပ် | ၂၅,၆၁၆,၇၆၄ | ၁၁,၈၇၉,၄၀၉ | ၄,၆၅၀,၇၀၄ | ၁၂ ၊ ၁၃ | ၃၀၂-၁ |
| **ရေသုံးစွဲမှု** | | | | | | |
| ရေသုံးစွဲမှု ပမာဏ | ကုဗမီတာ | ၆၁,၂၂၈ | ၇၆,၈၈၃ | ၁၇,၅၁၄ | ၆ | ၃၀၃-၅ |
| သွင်းရေ | ကုဗမီတာ | ၆၄,၇၄၅ | ၇၆,၈၈၃ | ၁၄,၀၅၀ | ၆ | ၃၀၃-၃ |
| စွန့်ထုတ်ရေ | ကုဗမီတာ | ၁,၇၄၂ | ၂,၄၈၃ | ၇,၄၀၇ | ၆ | ၃၀၃-၄ |
| **အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ** | | | | | | |
| အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု | တန်ပေါင်း | ၅၇၆ | ၄,၀၄၀ | ၁၁,၀၂၅ | ၁၃ | ၃၀၆-၃ |

## အားလုံးအတူတကွဆောင်ရွက်ခြင်း

| ဆောင်ရွက်ချက်ပြ ညွှန်ကိန်းများ | တိုင်းတာပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် | SDG | GRI |
|---|---|---|---|---|---|---|
| **ပရဟိတလှူဒါန်းမှုများ** | | | | | | |
| စုစုပေါင်း လှူဒါန်းမှုများ | ကျပ် | ၃၁၁,၁၃၈,၈၈၁ | ၂၉၉,၉၆၈,၇၃၀ | ၄၅,၀၀၀,၀၀၀ | ၉ | ၂၀၃-၁ |

# “ပိုမိုကောင်းမွန်သော မြန်မာ့ဩဘာ” ရေရှည်တည်တံ့ခိုင်မြဲရေး စီမံကိန်း နည်းဗျူဟာ

တောင်သူလယ်သမားများသည် မြန်မာ့စီးပွားရေး၏ ကျောရိုးဖြစ်သည်။ ကျွန်ုပ်တို့အားလုံးအတွက် အာဟာရပြည့်ဝသောအစားအစာများကို ပံ့ပိုးပေးပြီး ကျေးလက်ဒေသခံများအတွက် ဝင်ငွေပံ့ပိုးပေးသူများ ဖြစ်သည့်အတွက် အရေးပါလှသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက် ကို အကောင်အထည်ဖော်ရန်အတွက် မြန်မာ့ဩဘာသည် မြန်မာ့လယ်သမားများအနေဖြင့် ပိုမိုကောင်းမွန်သော သီးနှံများကို စိုက်ပျိုးနိုင်စေရန် အထောက်အကူပြုမည့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖန်တီးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ခိုင်မြဲရေး မဟာဗျူဟာ Better Awba တွင် မဏ္ဍိုင် ၄ ခု ပါဝင်သည်။

- မြန်မာ့တောင်သူဦးကြီးများအား အကျိုးပြုစေမည့် စိုက်ပျိုးရေး ဖြေရှင်းနည်းလမ်းများ
- ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ခွန်အားပေးဆောင်နိုင်မည့် လုပ်ငန်းခွင်
- ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ကောင်းမွန်သည့် ဆက်ဆံရေးများ တည်ဆောက်နိုင်မည့် စီးပွားရေး အလေ့အကျင့်များ
- ချမ်းသာကြွယ်ဝသည့် မြန်မာနိုင်ငံအား တည်ဆောက်နိုင်မည့်အားလုံးအတူပါဝင်မှု



awba group


Myanma Awba Group

No. 95A Kyaik Wine Pagoda Road, 8 Mile,
Mayangone Township, Yangon, Myanmar.
+95 (1) 663399 , +95 (1) 663536